# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 25 , 2023 Volume 66, Number 17


၂၅.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၉ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ(နေပြည်တော်) – တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲအကြို ညစာစားပွဲကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် လင်ချန်းမြို့၊ ပြည်သူ့အစိုးရတို့ ပူးပေါင်း၍ မြန်မာ(နေပြည်တော်)–တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ နေပြည်တော်တွင် ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါ ကုန်စည်ပြပွဲ၏ အကြိုညစာစားပွဲအား ၂၀၂၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ညနေ (၆:၃၀) နာရီအချိန်တွင် Horizon Lake View Hotel၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။ ညစာစားပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ Jeng Phang နော်တောင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းမြို့ မြို့တော်ဝန်နှင့် မြန်မာ–တရုတ်နှစ်နိုင်ငံမှ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းမြို့ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကုန်စည်ပြပွဲအထိမ်းအမှတ် လက်ဖက်ခြောက်ဘူး

ပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး လင်ချန်းမြို့ မြို့တော်ဝန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ညစာသုံးဆောင်နေချိန်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုအနုပညာရှင်များက အကပဒေသာများဖြင့် တင်ဆက်ကပြဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် လင်ချန်းမြို့ မြို့တော်ဝန်တို့က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင် (၃၀၀) ခန့် ပါဝင်တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သည်လုပ်ငန်းရှင်များ အချင်းချင်းစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မိတ်ဆက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC

## ရန်ကုန်၌ ကွမ်းတစ်ပိဿာ ၂၅၀၀၀ ကျပ်ထိစျေးနှုန်းမြင့်တက်

ရန်ကုန်ကွမ်းရွက်ဈေးကွက်၌ တစ်ပိဿာလျှင် ၂၅၀၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း သီရိမင်္ဂလာဈေးရှိ ကွမ်းရွက်ရောင်းဝယ်သူများထံမှ သိရသည်။

ပြီးခဲ့သည့်နှစ်တွင် ကွမ်းရွက်တစ်ပိဿာလျှင် ၆၀၀၀ ကျပ်မှ အများဆုံး ၈၀၀၀ ကျပ်သာ ပေါက်ဈေးရှိသော်လည်း ယခုနှစ်တွင် ကွမ်းရွက်တစ်ပိဿာလျှင် ၂၅၀၀၀ ကျပ်ထိ ပေါက်ဈေးရှိနေပြီး တစ်နှစ်အတွင်းကွမ်းရွက်ဈေး သိသိသာသာ မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု သီရိမင်္ဂလာဈေးသစ်၌ ကွမ်းရွက်ရောင်းဝယ်ရေး လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ "ဒီနှစ်က ရာသီဥတုတအားပူတာနဲ့ လေကြောင့် ကွမ်းခြံပျက်တာတွေလည်းဖြစ်တယ်။ လောလောဆယ် ဒီအချိန်ဆိုရင် ဈေးကျနေပေမယ့် အခုဈေးတက်နေတယ်။ တစ်ပိဿာ နှစ်သောင်းခွဲဆိုတာ တစ်ခါမှမဖြစ်ဘူးတဲ့ ဈေးဖြစ်နေတာပေါ့။ ဈေးမြင့်ပေမယ့်လည်း အရောင်းအဝယ်ကသွက်တယ်" ဟု ၎င်းက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ကွမ်းရွက်ဈေး မြင့်တက်ရခြင်းမှာ ယခုနှစ်တွင် ကွမ်းအထွက်နှုန်းနည်းပါးခြင်း၊ ရာသီဥတုကြောင့် ကွမ်းခြံများပျက်စီးခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ကွမ်းဈေးမြင့်တက်နေသော်လည်း အရောင်းအဝယ်သွက် နေကြောင်း ကွမ်းရောင်းဝယ်ရေး လုပ်ကိုင်နေသူများကဆိုသည်။ "အရင်က ဆင်ဂနယ်နဲ့စားရင် တစ်ထောင်ဖိုးကို ၁၀ ယာ၊ ၁၂ ယာရတယ်။ အခုတစ်ထောင်ဖိုးကို ခြောက်ယာပဲ ရတော့တယ်။ ပိုစားရင် ပိုကုန်နေတာပေါ့" ဟု ကွမ်းယာစားသုံးသူတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ရန်ကုန်မြို့၌ ယနေ့ (မေ ၂၄ ရက်) အကောင်းဆုံးကွမ်း(ခေါင်ဈေး) များမှာ ပန်းတနော်ရှယ်တစ်ပိဿာလျှင် ၂၅၀၀၀ ကျပ်၊ ပန်းတနော်အလတ်တစ်ပိဿာလျှင် ၁၄၀၀၀ ကျပ်နှင့် ၁၅၀၀၀ ကျပ်၊ ပန်းတနော်ပယ်ကြီး တစ်ပိဿာလျှင် ၁၁၀၀၀ ကျပ်နှင့် ၁၂၀၀၀ ကျပ် ပေါက်ဈေးရှိပြီး၊ ထိုင်ဝမ်ရှယ်တစ်ပိဿာလျှင် ၂၂၀၀၀ ကျပ်၊ ထိုင်ဝမ်အလတ် တစ်ပိဿာလျှင် ၁၁၀၀၀ ကျပ်၊ ထိုင်ဝမ်ပယ်ကြီး ၁၁၀၀၀ ကျပ်ပေါက်ဈေးရှိကြောင်း သီရိမင်္ဂလာဈေးသစ်ထံမှသိရသည်။

ပန်းတနော်နှင့် ကျောင်းကုန်းတို့မှ တင်သွင်းသောကွမ်းရွက်များမှာ ရန်ကုန်မြို့သို့ အများဆုံး တင်ပို့နေရခြင်းဖြစ်ကြောင်း ကွမ်းရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှသိရသည်။

**Source:** https://t.me/sdtimedaily

## မြန်မာသရက်သီး အရည်အသွေးမမီလို့ ယှဉ်ပြိုင်စရာဈေးကွက်ဝေစုပေါ်လာချိန် တရုတ်ဝယ်လိုအား ကျလာ

မြန်မာသရက်သီးတွေ ယှဉ်ပြိုင်စရာဈေးကွက်ဝေစုပေါ်လာချိန်မှာ အရည်အသွေးမမီတဲ့အတွက် တရုတ်ဝယ်လိုအား ကျဆင်းမှုရှိလာတယ်လို့ မူဆယ်နယ်စပ် သစ်သီးဝလံကုန်စည်ဒိုင်တွေဆီက သိရပါတယ်။

တရုတ်ပြည်တွင်းသရက်သီးပေါ်လာချိန် ဈေးကွက်ယှဉ်ပြိုင်ရမှုရှိလာပြီး အရည်အသွေးပိုင်း ပြင်ဆင်မှုအားနည်းတဲ့ မြန်မာ့သရက်သီးတွေအပေါ် ဝယ်လိုအားကျဆင်းရတာဖြစ်တယ်လို့ သိရပါတယ်။




“ဝယ်လိုအားကျဆင်းရခြင်းက ရောင်းလိုအား supply များလွန်းလို့ ဝယ်လိုအား Demand ကျဆင်းရတာလို့ဖြေရင် ဒီတရုတ်ဈေးကွက်အတွက် ရယ်စရာ ဖြစ်သွားပါမယ်။ ဒီရောင်းလိုအားမှာ ကုန်ပစ္စည်းအရည်အသွေးက ဘယ်လောက် တောင်အားဖြည့်ထားသလဲ။ စုပြုံနေတဲ့လက်ကျန်ကုန်ပစ္စည်းတွေက ပြည်ပပို့ကုန် အရည်အသွေးမီခြင်း၊ မမီခြင်းကသာ Demandပမာဏကို အတိုးအလျှော့ လုပ်နေတာ။ တရုတ်ဈေးကွက်ကြီးမှာ ဝယ်လိုအား နည်းစရာအကြောင်းကိုမရှိတာ။ ယှဉ်ပြိုင်စရာဈေးကွက်ဝေစု (တရုတ်ပြည်တွင်းသရက်သီး)တွေ ပေါ်လာတာနဲ့ အနာဟောင်းက ထင်းကနဲပေါ်လာရပြီ။ ဆိုလိုတာက မြန်မာ့သစ်သီးတွေက အခြေအနေကောင်းမှာ ရောင်းပန်းလှနေတတ်ပေမယ့် ခက်ထန်တဲ့ဈေးကွက်ကို ရင်ဆိုင်ဖို့ ပြင်ဆင်မှုအားနည်းလှပါတယ်။ တောင်သူတစ်ဦးချင်းရဲ့ တင်ပို့မှုအနည်းအများအလိုက် အရှိအတိုင်း ဂိတ်ဆရာ အပ်လိုက်တာ။ အရည်အသွေးပိုင်း ကြံခိုင်မှုအားနည်းရင် အခုလိုပြိုင်ဖက်တစ်ချက်ပေါ်လာရင် အလဲလဲအပြိုပြို”လို့ မူဆယ်မြို့ရှိ ခွာညိုသစ်သီးပွဲရုံက အသိပေးထားပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက တရုတ်ဘက်ကို တင်ပို့မယ့် သရက်သီးတွေ စုပြုံနေတဲ့အတွက် တင်ပို့မှုခေတ္တရပ်နားထားဖို့ နယ်စပ်သစ်သီးဝလံကုန်စည်ဒိုင်တွေက အကြံပြုထားတာတွေရှိခဲ့ပြီး လက်ရှိဝယ်လိုအားကျတာက တင်ပို့မှုများတာကြောင့် မဟုတ်ဘဲ အရည်အသွေးပိုင်းနဲ့သာ သက်ဆိုင်တာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းတွေက အရည်အသွေးပြည့်မီတဲ့ သရက်သီးတစ်ခြင်းကို တရုတ်ယွမ် ၁၆၀ ထိရခဲ့ပေမယ့် အခုရက်ပိုင်းမှာ ယွမ် ၈၀ အောက်၊ အရည်အသွေးပေါ်မူတည်ပြီး အနိမ့်ဈေး ၃၅ ယွမ် အထိရှိလာတယ်လို့ နယ်စပ်သစ်သီးပို့ကုန် လုပ်ငန်းရှင်တွေဆီက သိရပါတယ်။

**ဤသတင်းကို MyanmaPlatform မှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## မတ်ပဲတင်သွင်းရန် ဘရာဇီးနှင့်အိန္ဒိယဆွေးနွေးမှု အပြီးသတ်အဆင့်ရောက်ရှိ


https://www.foodindustrydirectory.com.mm

အိန္ဒိယသည် ပြည်တွင်းဖူလုံရေးမြှင့်တင်ရန်နှင့် ဈေးနှုန်းများကို ထိန်းကွပ်နိုင်ရန်အတွက် မတ်ပဲတင်သွင်းမှုအတွက် ဘရာဇီးလ်နှင့် အပြီးသတ်အဆင့် ဆွေးနွေးနေကြောင်း စားသုံးသူရေးရာအတွင်းရေးမှူး Rohit Kumar Singh က အင်္ဂါနေ့(မေ ၂၃)တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် မတ်ပဲ နှစ်စဉ်တန်ချိန် ၇-၇.၅ တန် တင်သွင်းပြီး ၇၄% ကို မြန်မာနိုင်ငံမှ တင်သွင်းကြောင်း ၎င်းက ပြောကြားပါသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၂ သိန်းခန့် တင်သွင်းထားပြီးကြောင်း ၎င်းကပြောကြားသည်။

အိန္ဒိယသည် မတ်ပဲဖူလုံရေးအတွက် မြန်မာနိုင်ငံအပေါ် မှီခိုနေရခြင်းကို လျှော့ချနိုင်ရန်အတွက် အခြားရင်းမြစ်များကို ရှာဖွေနေပါသည်။

၂၀၂၂ ဇူလိုင်လမှ ၂၀၂၃ ဇွန်လအထိ တစ်နှစ်တာ မတ်ပဲထုတ်လုပ်မှု တန်ချိန် ၂.၆၈ သန်းရှိမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ယခင်နှစ်ထက် တန်ချိန် ၂.၇၇ သန်း လျော့နည်းပါသည်။

မြန်မာနိုင်ငံမှ တင်သွင်းသည့် မတ်ပဲနှင့် ပဲစင်းငုံများကို အိန္ဒိယအစိုးရက ခွဲတမ်းသတ်မှတ်ခြင်းမရှိဘဲ လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့်ကာလအား ၃၁-၃-၂၀၂၄ ရက်နေ့အထိ တိုးမြှင့်ခွင့်ပြုထားပါသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6227-brazil-to-import-urad.html

## အာရှ LNG ပေါက်ဈေး ၁၀ ဒေါ်လာအောက်သို့ ကျဆင်း

အာရှတွင် သဘာဝဓာတ်ငွေ့ရည် liquefied natural gas (LNG) ကာလပေါက်ဈေး ကျဆင်းနေသော်လည်း အလုအယက်ဝယ်ရလောက်သည့် ရေချိန်သို့ မရောက်သေးပါ။ ဝယ်လိုအား မြင့်တက်စေရုံလောက်သာ ဈေးနှုန်းကျဆင်းခြင်းဖြစ်သည်။ မေလ ၁၉ ရက်တွင် mmBtu(million British thermal unit) တစ်ယူနစ်လျှင် $9.80 သို့ ကာလပေါက်ဈေး ကျဆင်းခဲ့သည်။ ၂ နှစ်တာအတွင်း ၁၀ ကန်ဒေါ်လာအောက်သို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်သည်။

၂၀၂၂ ဒီဇင်ဘာလ ၁၆ ရက်တွင် mmBtu တစ်ယူနစ် $38 သို့ ဆောင်းတွင်းကာလ အမြင့်ဈေးနှုန်းရောက်ရှိခဲ့သည်။ ယမန်နှစ်က ဥရောပသည် ရုရှားပိုက်လိုင်းထံမှ ဓာတ်ငွေ့ဆက်လက်ရရှိဖို့ မသေချာသဖြင့် ကမ္ဘာ့ဈေးကွက်ထဲ သိမ်းကျုံးဝယ်ယူခဲ့ရာ ဩဂုတ်လတွင် မကြုံစဖူး $70.50 အထိ မြင့်တက်ခဲ့သည်။ ယခုအခါ အာရှမှ တင်သွင်းသူတို့က မှန်တမ်းဖြင့်သာ တင်သွင်းနေကြရာ LNG ကာလပေါက်ဈေး ကျဆင်းသည်။ အာရှသည် ယခု မေလတွင် ပြီးခဲ့သည့် ဧပြီလနည်းတူ LNG တန်ချိန် ၂၀.၈၁ သန်း တင်သွင်းမည်ဟု ခန့်မှန်းသည်။ မတ်လတွင် တန်ချိန် ၂၂.၁၆ သန်း တင်သွင်းခဲ့သည်ထက် အနည်းငယ် လျော့နည်းသည်။

အာရှမှာ LNG အဓိကတင်သွင်းသည့်နိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် မတ်လတွင် တန်ချိန် ၅.၅၅ သန်း၊ ဧပြီလတွင် တန်ချိန် ၅ သန်း တင်သွင်းခဲ့ပြီး မေလတွင် တန်ချိန် ၄.၂၄ သန်း တင်သွင်းမည်ဟု ခန့်မှန်းသည်။ တစ်လထက်တစ်လ လျော့ကျနေသည်။ ယမန်နှစ်က LNG ကမ္ဘာ့အများဆုံး တင်သွင်းသည့်နိုင်ငံ သရဖူကို တရုတ်နိုင်ငံထံမှ ဂျပန်နိုင်ငံကပြန်လည်ရယူခဲ့သည်။ LNG ပေါက်ဈေး မြင့်တက်နေသဖြင့် တရုတ်ဝယ်လက်များ အဝယ်နည်းပါးခဲ့သည်။ ယခုအခါ နှစ်ရှည်စာချုပ်ဖြင့် မဟုတ်ဘဲ ပေါက်ဈေးအရောင်းအဝယ် ဈေးကွက်ထဲသို့ တရုတ်ဝယ်လက်များ ပြန်လည်ရောက်ရှိလာကြသည်။ သို့သော် ယခုနှစ် ၂၀၂၃ တွင် ၎င်းတို့ ဝယ်သည့်ပမာဏသည် နည်းပါးသည်။ မေလတွင် တန်ချိန် ၅.၂၃ သန်း တင်သွင်းကြလိမ့်မည်ဟု ခန့်မှန်းသည်။ မတ်လတွင် ၅.၄၆ သန်း၊ ဧပြီလတွင် ၅.၃၃ သန်း တင်သွင်းခဲ့သည်။ mmBtu တစ်ယူနစ် $10 အောက်တွင်ဖြစ်မှသာ တရုတ်ဓာတ်ငွေ့စက်ရုံများသည် ပြည်တွင်းဈေးကွက်ထဲတွင် တွက်ခြေကိုက်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရရှိသည်။

အာရှတွင် LNG စတုတ္ထအများဆုံးတင်သွင်းသည့် အိန္ဒိယနိုင်ငံသည် မေလတွင် တန်ချိန် ၁.၉၁ သန်းအထိ တင်သွင်းမည်ဟု ခန့်မှန်းသည်။ မတ်လတွင် တန်ချိန် ၁.၈၄ သန်း၊ ဧပြီလတွင် တန်ချိန် ၁.၃၂ သန်း တင်သွင်းခဲ့သည်။ LNG ဈေးနှုန်းကျဆင်းခြင်း ဆက်လက်ဖြစ်ပေါ်နေခဲ့လျှင် ဇွန်လမှစတင်၍ ဝယ်လိုအားကို မြင့်တင်နိုင်ဖွယ်ရှိသည်။

**Source: Reuters**

**https://www.industrialdirectory.com.mm**

https://myantrade.gov.mm/article/naypyitaw_24052023_930

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၁၃ ရက်မှ ၁၉ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၄၄၈၅၉၃၉.၂၄ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ၁၂၀၆၉၀၅.၀၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲတောင့်ရှည်(အခြောက်)၊ ရွှေဖရုံသီး၊ ဆန်ကွဲနှင့်ကြိမ်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၁၈၉၇၂.၂၄ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏ တန်ဖိုးမှာ ၄၀၆၆၉၆၇.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ဓါတုဗေဒ ချည်ခင်များ၊ ကုန်ထုတ်စက္ကူများ၊ သံပိုက်၊ မြက်ခင်းတုနှင့် ကားတာယာများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်

ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၈၅၃၅၅.၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၉၂၁၁၅၁.၀၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၅ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၈.၂၀ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုဟိုဌာန**

## ဥရောပနှင့်အမေရိကန်နိုင်ငံတို့မှ အထည်ချုပ်အော်ဒါများ ယခင်ထက်ပိုမိုရရှိထား

မြန်မာ့အထည်ချုပ်ကဏ္ဍတွင် ဥရောပ (EU) နှင့် အမေရိကန်နိုင်ငံများမှ အပ်ထည်များ အများဆုံး လက်ခံချုပ်ပေးနေရပြီး အော်ဒါလက်ခံရရှိမှုမှာလည်း ယခင်ထက် ပိုမိုရရှိလာကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် ၏ ပြောကြားချက်အရ သိရသည်။

၂၀၂၃ – ၂၀၂၄ ခုနှစ်၏ ဘဏ္ဍာနှစ်အစဖြစ်သည့် ဧပြီလအတွင်း CMP လက်ခစားချုပ်ပြီး အထည်များ ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၃၈၄ သန်းရရှိထားပြီး နယ်စပ်မှတဆင့် ထိုင်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၂၀၀၊ ဥရောပနှင့် အခြားပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ ကန်ဒေါ်လာ ၁၈၄ သန်းရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ CMP လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး လက်ခစားစနစ်ဖြင့် ချုပ်လုပ်ပြီး အထည်များကို ထိုင်း၊ တရုတ်၊ စင်ကာပူနှင့် ဥရောပ နိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။
လက်ရှိတွင် ပြည်တွင်း CMP စက်ရုံ အလုပ်ရုံများ၌ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)က ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့်အနက် တရုတ်နိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ပြည်တွင်း၌ CMP အဝတ်အထည်ချုပ် စက်ရုံပေါင်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်စက်ရုံ ၄၈ ရုံ၊ ဆံပင်တုစက်ရုံ ရှစ်ရုံ၊ အခြားအိတ်ချုပ်လုပ်ငန်းများ၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်၊ ခြေအိတ်ချုပ်လုပ်ငန်း စက်ရုံအလုပ်ရုံပေါင်း ၁၇၇ ရုံတွင် လုပ်သားတစ်သိန်းကျော် အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားကြောင်းသိရသည်။

**Source: Popular News Journal**

## STOCK EXCHANGE (25.5.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,317 (Shares) | 9,746,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +100 | +1.25% | 8,000 | 8,200 | 8,000 | 319 | 2,562,400 | 33,109,694 | 268,189 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 1,841 | 5,428,950 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 2 | 14,600 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 1,097 | 1,590,650 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | +50 | +2.08% | 2,450 | 2,450 | 2,450 | 50 | 122,500 | 12,823,224 | 31,417 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 5 | 12,750 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 3 | 14,400 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 25th May, 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.21 | +3.35 | +0.94% | 356.86 | 362.09 | 356.86 | 3,317 | 9,746,250 | 7 | 634,719 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 25th May, 2023

| Trading Volume | Trading Value |
|---|---|
| 3,317 (Shares) | 9,746,250 (MMK) |

## Main Board

As of 1:00 pm, 25th May, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,317 (Shares) | 9,746,250 (MMK) |

| MYANPIX | 360.21 ▲ 3.35 |
|---|---|
| Total Volume (shares) | 3,317 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 634,719 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 50 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |